သန့်ရှင်းသောရက်သတ္တပတ်အတွက် သမ္မာကျမ်းဆိုင်ရာအတွေးအမြင်

ဝမ်းနည်းပူဆွေးရသောအချိန်



သမ္မာကျမ်းစာရှိ ဒေသနာကျမ်းထဲတွင် မတူညီသောအချိန်အခါများကို ဖော်ပြထားသည်။ ခပ်သိမ်းသောအမှုအရာတို့သည် မိမိတို့အချိန်ရှိ၏။မိုးကောင်းကင်အောက်၌ကြံစည်သမျှအသီးအသီး တို့ကိုပြုရသော အချိန်ရှိ၏... မွေးဖွားချိန်နှင့်သေဆုံးချိန်ရှိ၏၊ ငိုရသောအချိန်နှင့်ရယ်ရသောအချိန်ရှိ၏၊ သည်းတွားရသောအချိန်နှင့်ကခုန်ရ သောအချိန်လည်းရှိ၏။ (ဒေသနာကျမ်း ၃း၁-၄)

မြန်မာပြည်အတွက် ယခုအချိန်သည် မည်သို့သောအချိန်ဖြစ်နေပါသနည်း။ ကိုဗစ်ကပ်ရောဂါအချိန်၊ စစ်အာဏာသိမ်းချိန်၊ စစ်ပွဲများဖြစ်ချိန်၊ စီးပွားရေးကြပ်တည်းချိန်၊ ရေကြီးရေလျှံချိန်၊ ရပ်ရွာများ၊ စာသင်ကျောင်းများ၊ ဘုရားကျောင်းများဗုံးဒဏ်ခံရချိန်၊ ဖျက်အားပြင်းငလျင်ဒဏ်ခံရချိန် စသည်ဖြင့်အချိန်များ ကိုဖြတ်သန်းနေရသည်။ သင့်အတွက် ယခုအချိန်က မည်သို့ရှိနေပါသနည်း။

ကျွန်တော့်အတွက်လည်း လွယ်ကူသည့်အဖြေတစ်မျိုးတည်းရှိနေသည်တော့မဟုတ်ပါ။ ကမ္ဘာပေါ်တွင်ဖြစ်ပျက်နေသည့်ဒုက္ခပြဿနာများကိုမြင်ရသည့်အခါတွင် ခရစ်တော်၌ယုံကြည်သူညီအစ်ကိုမောင်နှမ အချင်းချင်း အတွက်ကူညီဖေးမခြင်းများကိုပို၍လုပ်ဆောင်ရန် ခွန်အားယူလုပ်ဆောင်ရသည်။ အားနည်းသူများ၊ အဖိနှိပ်ခံရသူများကိုတတ်နိုင်သမျှကာကွယ်ပြီး ခရစ်တော်အားဖြင့်ရရှိသောမျှော်လင့်ခြင်းကို သိရှိရန် အတွက် ဧဝံဂေလိတရား ဝေငှခြင်းကိုပို၍လုပ်ဆောင်နေလျက်ရှိသည်။

ထိုသို့လုပ်ဆောင်နေသော်လည်း လိုအပ်ချက်များပြားလွန်းသောကြောင့် မိမိကိုယ်တိုင်မခံစားနိုင် တော့သည့် အချိန်မျိုးရှိလာသည်။ နာကျင်မှုများကိုမြှုပ်နှံလိုက်ချင်သည်၊ အဝေးသို့ထွက်ပြေးလိုက်ချင် မိသည်၊ခွန်အားရတ်လျော့လျက်ပြိုလဲလိုက်ချင်သည်။ ထိုသို့ခံစားရသည့်အခါ လုပ်ဆောင်မှုများကိုခတ္တရပ်ပြီး ဝမ်းနည်းပူဆွေးသည့် အချိန်ကိုယူတင်လိုက်ပါသည်။

- ဝမ်းနည်းပူဆွေးသည့်အတွက် ကျွန်ုပ်အထဲတွင်ပေါက်ကွဲလုနီးပါးဖြစ်နေသည့်ကြီးမားသောနာကျင်မှု၊ ကျွန်ုပ်အပေါ်ကျရောက်လာမည့်စိတ်ဓာတ်ကျမှုတို့ကို ကာကွယ်ဖြေလျော့လိုက်ခြင်းပင်ဖြစ်သည်။

- ဝမ်းနည်းပူဆွေးသည့်အတွက် ဒုက္ခရောက်နေသည့်သူများ၊ဆုံးရှုံးလိုက်ရသည့်အရာများကို ကျွန်ုပ်မည်မျှ ချစ်ပြီးမမေ့နိုင်ကြောင်းကို ကျွန်ုပ်ပြန်၍သိရှိလာရသည်။
- ဝမ်းနည်းပူဆွေးသည့်အတွက် မကောင်းမှု၏ဖျက်စီးခြင်းတန်ခိုး၊သေခြင်း၏လွှမ်းမိုးမှု တန်ခိုးကို အဆိုးဖြင့် တုံ့ပြန်ခြင်းမပြုရန်ကျွန်ုပ်ထိန်းချုပ်လာနိုင်သည်။
- ဝမ်းနည်းပူဆွေးသည့်အတွက် စိတ်ပျက်မှုကိုသိမြင်လာ၍ အာရုံစူးစိုက်လုပ်ဆောင်အသက်ရှင်ရန် ကျွန်ုပ်သိမြင်လာသည်။
- ဝမ်းနည်းပူဆွေးသည့်အတွက် "ငါမထိန်းချုပ်နိုင်တဲ့အရာအများကြီးရှိတယ်၊ငါလုပ်ပေးချင်ပေမယ့် မလုပ်နိုင်တဲ့အရာအများကြီးရှိနေတယ်" ဟူသည့်သဘောတရားကိုသိမြင်လာသည်။
- ဝမ်းနည်းပူဆွေးသည့်အတွက် လက်တွေ့မကျသောအပြောင်းအလဲမျိုးကိုဆုပ်ကိုင်မထားတော့ပေ။ မိမိ၏ မတတ်နိုင်ခြင်းကိုသိရှိပြီး ဘုရားသခင်ထံ၌ နှစ်သိမ့်ခြင်းနှင့်ခွန်အားကိုကျွန်ုပ်တောင်းခံလာပါသည်။

သောကြာကြီးနေ့၌ ခရစ်ယာန်များအနေဖြင့် ယေရှုကိုသတ်ရန်ကြံစည်ခဲ့သည့် မကောင်းမှု၏စွမ်းအား

ကို ပြန်လည်အောက်မေ့သတိရကြပါသည်။ ဖော်ပြထားသည့်ပုံ၌ ယေရှု၏မိခင် မာရိသည် ဝမ်းနည်းပူဆွေးလျက်၊ ကောင်းကင်သို့မျှော်ကြည့်လျက်ရှိနေသည်။ သားဖြစ်သူကို သံမှိုဖြင့်ရိုက်၍ ကားစင်တင်သတ်လိုက်ကြသည်။ ဘုရားသခင်သည် ဆင်းရဲသားများ၊အကူအညီလိုအပ်သူများ၊ အပယ်ခံများကို ယေရှုအားဖြင့်ကူညီဖေးမနေ ကြောင်းကို မသိမမြင်နိုင်သော ဘာသာရေးအာဏာပိုင်များက မိမိတို့ကို ယေရှုကစိန်ခေါ်သည်ဟုယူဆကာ ကွပ်မျက်ခဲ့ခြင်းဖြစ်သည်။

သား၏သက်မဲ့ခန္ဓာကိုမြင်တွေ့ရသည့် မယ်တော်မာရိအနေဖြင့် နာကျင်မှုနှင့်ဆုံးရှုံးမှုကိုသာခံစားရမည် ဖြစ်သည်။ ယေရှုရှင်ပြန်ထမြောက်မည်ကို ထိုအချိန်၌မာရိမသိခဲ့ပေ။ ကမ္ဘာလောကတစ်ခုလုံး၏ ယုံကြည်ခြင်း သူမအပေါ် တည်ရှိနေလျှင်ပင် ဤနာကျင်ထိန့်လန့်စရာကြီးက သူမကိုလွှမ်းမိုးနေမည်သာဖြစ်သည်။

မာရိ၏ပူဆွေးမှုနှင့် ယခုကာလပူဆွေးနေရသူတို့၏အဖြစ်မှာအတူတူပင်ဖြစ်နိုင်သည်။သို့သော်ကျွန်ုပ်ပြောနိုင်သည့် အရာတစ်ခုရှိသည်။ ပူဆွေးဝမ်းနည်းချိန်၌ ဘုရားသခင်ကိုမျှော်ကြည့်သောသူ၊ ယေရှုခရစ်တော် ကိုယုံကြည်သော သူတို့အနေဖြင့် "မျှော်လင့်ခြင်းမရှိသော အခြားသူတို့သည် ဝမ်းနည်းသကဲ့သို့.."ဟူသော သက်သာလောနိတ် ဩဝါဒစာပထမစောင် ၄း၁၃ တွင်ဖော်ပြသည့်အတိုင်း မဖြစ်တော့ပေ။ အကြောင်းမှာ ဖန်ဆင်းရှင်ဘုရားသခင်ကို ချစ်၍ ယေရှုခရစ်တော်ကိုယုံကြည်သောသူတို့အနေဖြင့် မျှော်လင့်ခြင်းရှိ သောကြောင့် ဖြစ်သည်။ဘုရားသခင်သည် သူတို့နှင့်အတူရှိနေ၍ သူတို့ကိုစွန့်ပစ်မသွားပါဟု မျှော်လင့်ထား ခြင်းကြောင့်ဖြစ်သည်။ မိမိတို့အသက်ကုန်ဆုံး၍ သေလွန်ပြီးသည့်အခါ၌ပင် မျှော်လင့်ခြင်းကုန်ခမ်းမသွားပေ။

ဘုရားသခင်နှင့်ထာဝရမိဿဟာရဖွဲ့နိုင်ရန်အတွက် ခန္ဓာသစ်၊စိတ်သစ်ဖြင့် နောင်ဘဝအတွက် မျှော်လင့်စရာရှိနေခြင်းကြောင့်ဖြစ်သည်။ ဤသည်မှာခရစ်တော်၏ အသက်စွန့်ကယ်တင်ခဲ့ခြင်းကြောင့် ကျွန်ုပ်တို့၏ အပြစ်များဖြေလွှတ်ခံရခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော် ကြောင့်ကျွန်ုပ်တို့၏ ခန္ဓာစိတ်များအသစ်ပြုပြင်ခံရခြင်းကြောင့်ဖြစ်သည်။ခရစ်တော်၏ ကယ်တင်ခြင်းကို ရရှိသည်ဟု ကျွန်ုပ်တို့ယုံကြည်ခြင်း ကြောင့်ဖြစ်သည်။ (ရောမသြဝါဒစာ ၈း၁-၆၊၁၀း၉-၁၀)

ခရစ်ယာန်များအနေဖြင့် ဤယုံကြည်မျှော်လင့်ခြင်းအားဖြင့်အသက်ရှင်ကြခြင်းဖြစ်သည်။ သို့သော် ဤသန့်ရှင်းသောရက်သတ္တပတ်တွင် သောကြာကြီးနေ့ကိုကျွန်ုပ်တို့အရင်ဆုံးဖြတ်သန်းကြရမည်ဖြစ်သည်။ သောကြာကြီးနေ့တွင် မှောင်မိုက်လွှမ်းမိုးသောကြောင့် ကျွန်ုပ်တို့မျက်ရည်ကျရမည်ဖြစ်သည်။ ပူဆွေးဝမ်းနည်း ရမည့်အချိန်ဖြစ်ပါသည်။

ယေရှုခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့်
ဦးထင်ကျော် @ Dr. Tim

ဓာတ်ပုံ - မယ်တော်မာရိကိုယ်ပေါ်တွင် အသက်မဲ့နေသောယေရှု၏ခန္ဓာ၊ ပြင်သစ်နိုင်ငံ ရှာထ်ကာသီဒြယ်လ်၏ သံစုံသီချင်းသီဆိုသောနေရာတွင် ထုလုပ်ထားသော ရုပ်ပုံဖြစ်သည်။

ဆက်လက်ပြီး"ဝမ်းမြောက်ခြင်းဆီသို့ဦးတည်သောခရီးစဉ်"အကြောင်းကိုရေးသားပါအုံးမည်။

သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍ ဓမ္မသစ်ကျမ်းဆိုင်ရာ ဒေါက်တာဘွဲ့ရအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြား ပေးနေသူဖြစ်သည်။